**Human Rights Education Institute of Burma**
**(HREIB)**
G P O Box (485) Chiang Mai, 50000, Thailand.
e- mail : hreburma@loxinfo.co.th website : http://www.hreib.com/net

# ဖဒိုမန်းရှာ လာဖန်း လုပ်ကြံသတ်ဖြတ်ခံရမှုအတွက် လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)၏ ဝမ်းနည်းခြင်းသဝဏ်လွှာ

နေ့စွဲ။ ။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလာဖန်း လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့်အတွက် မိမိတို့ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) အနေဖြင့် ကရင်လူထုတစ်ရပ်လုံး၊ ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူ အထူးပင်ဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

ကရင်အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သော ဖဒိုမန်းရှာလာဖန်းသည် ကရင်လူမျိုးထုတစ်ရပ်လုံး လွတ်မြောက်ရေးတိုက်ပွဲအတွက် လေးစားရသော ခေါင်းဆောင်တစ်ဦးဖြစ်ရုံသာမက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူ့အခွင့်အရေးထွန်းကားသည့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးတို့အတွက် ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ ဖဒိုမန်းရှာလာဖန်းကျဆုံးခြင်းသည် ကရင်လူမျိုးထုအတွက်သာမက မြန်မာပြည် အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုပင်ဖြစ်သည်၊

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)အနေဖြင့် ဖဒိုမန်းရှာလာဖန်း၏ မြန်မာနိုင်ငံအတွင်း ကလေးစစ်သားပပျောက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ခဲ့မှုများကို လေးစားစွာအသိအမှတ်ပြုပါသည်။ မြန်မာနိုင်ငံအတွင်း ကလေးစစ်သားများ အသုံးပြုမှုပပျောက်ရေးအတွက် ကြိုးပမ်းချက်များနှင့် ပတ်သက်၍ ဖဒိုမန်းရှာလာဖန်း၏ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို ဤနေရာမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) အနေဖြင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ကျန်ရစ်သူကရင်အမျိုးသားတစ်ရပ်လုံးနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သံမိဌာန်ပြုလျက် ဤဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဖဒိုမန်းရှာ လာဖန်း ကောင်းရာသုဂတိလားပါစေ။

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)